# ရှမ်းပြည်ဒုက္ခသည်များကော်မတီမှ နိုင်ငံတကာအဖွဲ့အစည်းသို့ အရေးပေါ်မေတ္တာရပ်ခံချက်

ဩဂုတ်လ ၃၀ ရက် ၂၀၁၇ ခု

ရှမ်းပြည်နယ် အတွင်း နှင့်ထိုင်း -ရှမ်းနယ်စပ်ရှိIDPsနှင့်ဒုက္ခသည်များအားဆက်လက်၍ကူညီထောက်ပံ့ရန်နိုင်ငံတကာအဖွဲ့အစည်းသို့ အရေးပေါ် မေတ္တာရပ်ခံချက်

ကျွန်ုပ်တို့ ရှမ်းပြည်ဒုက္ခသည်များကော်မတီမှ ရှမ်းပြည်နယ်အတွင်းထိုင်း - ရှမ်းပြည်နယ်စပ်တလျှောက်ရှိ ဒုက္ခသည်များနှင့် ပြည်တွင်းမှနေရပ်စွန့်ခွာရသည့်ပြည်သူများ (IDPs) အားအခြေခံစားနပ်ရိက္ခာများ ဆက်လက်ကူညီထောက်ပံ့ပေးရန် နိုင်ငံတကာ အဖွဲ့အစည်းသို့ မေတ္တာရပ်ခံအပ်ပါသည်။

၁၉၉၉ ခုနှစ်မှစ၍ တည်ရှိလာသော ဒုက္ခသည်စခန်း ၆ ခု တွင် ဒုက္ခသည် နှင့် ပြည်တွင်းနေရပ်စွန့်ခွာ ပြည်သူလူထု စုစုပေါင်း ၆၂၀၀ ကျော်ရှိပြီး သုံးပုံနှစ်ပုံမှာ အမျိုးသမီးနှင့် ကလေးများဖြစ်သည်။

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာပြည်သူများသည် အစိုးရစစ်တပ်၏ ညှင်းပမ်းနှိပ်စက်မှုနှင့် တိုက်ပွဲ များဖြစ်ပွားမှုကြောင့် ထွက်ပြေးတိမ်းရှောင်ကြရခြင်း၊ ကျေးလက်ပြည်သူလူထုအား ရပ်ရွာမှ အဓမ္မ ပြောင်းရွှေ့ စေခြင်း ၊ သေနတ်ထောက် ခြိမ်းခြောက်၍ နေရပ်မှ မောင်းထုတ်ခြင်း၊ ကျေးရွာအား မီးရှို့ခြင်းတို့ကြောင့် ၁၉၉၆ မှ ၁၉၉၈ ခုနှစ် အတွင်း ရှမ်းပြည်အလယ်ပိုင်းရှိ ကျေးရွာပေါင်း ၁၄၀၀ ကျော်၊ ပြည်သူလူထုအယောက် ၃၀၀၀၀၀ ကျော်နေရပ်မှ စွန့်ခွါခဲ့ရသည်။ အမျိုးသမီး ရာဂဏန်းအား အစိုးမုဒိန်းကျင့်ခြင်း၊ ဒေသခံ ရှမ်းပြည်သူလူထုအား ညှင်းပမ်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ သတ်ဖြတ်ခြင်းများ အလူးအလိမ့်ခံခဲ့ရသည်။

နေရပ်မှ အဓမ္မပြောင်းရွှေ့ခြင်းခံခဲ့ရသော ကျေးလက်လူထု (ကလေးနှင့် အသက်အရွယ်ကြီးသူများအပါအဝင်) အများစုမှာ ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော်လည်း UNHCR ၏ ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုမှုနှင့် ကာကွယ်စောင့်ရှောက်မှုများ မရရှိခဲ့ပေ။

တဖက်တွင်လည်း ထွက်ပြေးတိမ်းရှောင်သူများမှာ ရှမ်းပြည်နယ်တွင်းရှိ လူမှုအသိုင်းအဝိုင်းတို့နှင့် ကင်းကွာနေထိုင်လိုခြင်း ဆန္ဒမရှိသောကြောင့် ထိုင်း-ရှမ်းပြည်နယ်စပ်တလျှောက်တွင်သာ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့နေ ထိုင်သော ဒုက္ခသည်စခန်းများမှာ တောင်များပေါ်တွင်တည်ရှိပြီး သီးနှံပင်များစိုက်ပျိုးရန်ခက်ခဲလှသည်။ ထို့ကြောင့် ကျွန်ုပ်တို့ အသက်ရှင်နေထိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သော ဆန်၊ ဆီ၊ ဆားများဖြင့် နေထိုင်အသက်ရှင် လာခဲ့ကြသည်။

ဒုက္ခသည်စခန်းအတွင်း လူမှုအသိုင်းအဝန်းအဖြစ်ရှင်သန်နေထိုင်နိုင်ရေးအတွက် ကျောင်းများ၊ ဆေးပေးခန်းများနှင့် ကြည်ညိုကိုးကွယ်ရာဘုန်းတော်ကြီးကျောင်းအား စားနပ်ရိက္ခာများ ပံ့ပိုးခဲ့မှုများအတွက်လည်း ကျွန်ုပ်တို့ အထူးဂုဏ်ယူဝမ်းသာမိပါသည်။

သို့သော် စားနပ်ရိက္ခာ အထောက်အပံ့များမှာ တဖြည်းဖြည်းလျော့ချလာသည့်အပြင် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စ၍ ထောက်ပံ့မှုများအားလုံးကို ရပ်ဆိုင်းတော့မည်ဆိုသည့်အတွက် စိတ်မကောင်းကြီးစွာ ခံစားရပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ် မတည်ငြိမ်မှုဖြစ်နေစဉ်ကာလ နှင့် စိတ်ချ လုံခြုံစွာ မိမိရပ်ရွာပြန်လည်နေရာချ နေထိုင်သည့်အထိ နိုင်ငံတကာအလှူရှင်များအနေဖြင့် ကျွန်ုပ်တို ရှမ်းဒုက္ခသည်စခန်းများအား ဆက်လက်ထောက်ပံ့ပေးပါရန် အနူးအညွှတ် မေတ္တာရပ်ခံအပ်ပါသည်။

လက်ရှိတွင် ကျွန်ုပ်တို့ စိတ်ချလုံခြုံစွာ ရပ်ရွာပြန်နိုင်ရန် အခြေအနေမရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် ရွာများပျက်စီးဆုံးရှုံးခြင်းများ၊ ဗမာ့တပ်မတော် နှင့် ပြည်သူ့စစ်များ၊ UWSA တပ်ဖွဲ့ဝင်များ မှ ကျွန်ုပ်တို့၏ နေထိုင်ရာ ကျက်စားရာ မြေနေရာ နှင့် အိုးအိမ်ပိုင်ဆိုင်မှုများအား သိမ်းယူထားခြင်းကြောင့်ဖြစ်သည်။ လက်ရှိ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်များ လုပ်ဆောင်နေကြသော်လည်း ဗမာ့တပ်မတော်မှ ထိုးစစ်ဆင်မှုများဆက်လက်လုပ်ဆောင်နေခြင်း၊ စစ်တပ်များတိုးချဲ့ခြင်း၊ တိုက်ပွဲများဆက်လက်ဖြစ်ပွားခြင်း နှင့်  ပြည်သူများ ဆက်လက်ဖမ်းဆီး၊ ညှင်းဆဲ၊ သတ်ဖြတ်ခံနေရခြင်းမှာ နေရပ်ပြန်ရန် လုံခြုံစိတ်ချမှု လုံး၀ မရှိသေးပေ။

ထို့ကြောင့် ကျွန်ုပ်တို့၏ ဒုက္ခသည်အခွင့်အရေးများကို ရှိသေလေးစားရန်၊ ရသင့်ရထိုက်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန်၊ ရှမ်းပြည်နယ်အတွင်း နိုင်ငံရေးတည်ငြိမ်ပြီး စစ်မှန်သော ငြိမ်းချမ်းရေးရရှိ၍ လူ့ဂုဏ်သိက္ခာ နှင့်အညီ အေးချမ်းလုံခြုံစိတ်ချ နေရပ်ပြန်နိုင်သည်အထိ ကူညီထောက်ပံ့မှုများ ဆက်လက်ထောက်ပံ့ပေးပါရန် လေးနက်စွာ မေတ္တာရပ်ခံအပ်ပါသည်။

ရှမ်းပြည်ဒုက္ခသည်စခန်းများကော်မတီ

ရှမ်းဒုက္ခသည်များ-

- ကောင်းမုန်မုန်းဒုက္ခသည်ကော်မတီ
- လွိုင်တိုင်းလျန်း ဒုက္ခသည်ကော်မတီ
- လွိုင်လမ် ဒုက္ခသည်ကော်မတီ
- ကုန်းကျော် ဒုက္ခသည် ကော်မတီ
- လွိုင်ဆမ်ဆစ် ဒုက္ခသည် ကော်မတီ
- လွိုင်ကော်ဝမ်း ဒုက္ခသည် ကော်မတီ များဖြင့် ဖွဲ့စည်းထားသည်။

**ဆက်သွယ်ရန်**


လုံးစိုင်းလင်း + 66: (0) 86-188-9827

လုံးစိုင်းပိန်း + 66: (0) 82-181-4891

လုံးစံစိုင်း + 66: (0) 97-939-8350 +95 (0) 94-232-88790

နန်းဆိုင်အိမ် + 66: (0) 97-968-9572


**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်**


နန်းစံတောင်း +66: (0) 81-603-6655

စိုင်းပော်ရှုန် +66: (0) 62-941-9600

စိုင်းကွန်းလျောင်း +66: (0) 94-643-4230

ထိုင်း-ရှမ်းပြည်နယ်စပ်တလျှောက်ရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ နှင့် ဒုက္ခသည်များ၏ လက်ရှိအခြေအနေအား ဆက်လက်ကြည့်ရှုနိုင်ရန် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှပြုစုတင်ပြထားသည်။
http://shanhumanrights.org/eng/index.php/333-as-conflict-escalates-in-shan-state-aid-must-not-be-cut-off-to-shan-thai-border-refugees